စကားဝါမြေအနုပညာရပ်ဝန်း

ယုဒါ

# သူ၏ချစ်သူ နှင့် အချစ်ဝတ္ထုရှည်များ



## စာရေးသူ၏ အမှာစကား

တစ်ခါတစ်ရံမှ တွေ့ဆုံရသည့် မိတ်ဆွေများနှင့် ကြုံတိုင်း "စာရေးဖြစ်သေးလား" ဆိုသည့် မေးခွန်းတစ်ခုကို ကျွန်မကြားရတတ်ပါသည်။ တကယ်တော့ ၁၉၈၇ ခုနှစ်တွင် ဇင်းလေးသီတာ (လားရှိုး) ကလောင်အမည်ဖြင့် ပထမဦးဆုံး ပုံနှိပ်စာလုံးဖော်ပြခံခဲ့ရသည်မှစတင်၍ ၁၉၉၇ ခုနှစ် တွင် ယုဒါကလောင်အမည်သို့ ပြောင်းလဲသုံးစွဲခဲ့ပြီးနောက် ယနေ့အချိန်အထိ စာရေးသားခြင်း အနုပညာနှင့် ကျွန်မဘယ်တုန်းကမှ မကင်းကွာဖူးခဲ့။ စာရေးကျဲခြင်းနှင့် ခပ်စိပ်စိပ်ရေးဖြစ်ခြင်းလောက်သာခြားနားခဲ့ပါလိမ့်မည်။

စာရေးခြင်းအနုပညာသည် ကျွန်မဘဝထဲမှ ကျွန်မ သေသည့်တိုင်အောင် ထုတ်နုတ်ယူငင် သွားလို့မရနိုင်သော ဖန်တီးမှုလိုအင်တစ်မျိုးဖြစ်ပါသည်။ သို့ပါသော်လည်း ကျွန်မသက်ဝင်မြတ်နိုး ရပါသော ထိုအနုပညာပေါ်၌ အခိုက်အတန့်ကာလအားဖြင့် ကျွန်မဘက်မှ အင်အားစိုက်ထုတ်မှု နည်းပါးခဲ့ခြင်း၊ အခြားသော ဘက်ပေါင်းစုံတို့ဆီသို့ အာရုံဖြန့်ကြက်နေမိခြင်းတို့ကြောင့် စာပေအသိုင်းအဝိုင်းနှင့် ကျွန်မအတန်ငယ် အလှမ်းဝေးခဲ့ပါသည်။ ၂၀၁၀ ခုနှစ်ဝန်းကျင်ကာလများရောက်မှ စာပလောကဆီသို့ ကျွန်မ၏ ခြေလှမ်းများ ၊ ခပ်စိပ်စိပ် တိုးဝင်လျှောက်လမ်းရောက်ရှိလာရင်း ကျွန်မရင်တွင်းထာဝစဉ် ကွန်းခိုနေခဲ့သော အနုပညာတစ်ခုကို နက်နက်ရှိုင်းရှိုင်း ပြန်လည် တူးဖော်မိခြင်းဖြစ်သည်။

ထိုအခါ . . . ကလောင်နာမည်တစ်ခုဖြင့် ရပ်တည်ရှင်သန်နေသည့် စာပေသမားတိုင်း ရောက်ရှိနေပြီဖြစ်သော နေရာတစ်ခုအတွက် မှတ်တိုင်တစ်ခုစိုက်ထူလိုသကဲ့သို့ ကျွန်မသည်လည်း စာပေမှတ်တိုင် တစ်ခု စိုက်ထူလိုမိလေသည်။ ယုဒါ၏ မှတ်တိုင်အဖြစ် ကျွန်မစိုက်ထူပြီး ခဲ့ပြီဖြစ်သော မှတ်တိုင်နှစ်ခုက ၂၀၀၂ ခုနှစ်တွင်တစ်ကြိမ်၊ ၂၀၀၅ ခုနှစ် တွင် တစ်ကြိမ်၊ နှစ်ကြိမ်ရှိခဲ့ပြီဖြစ်ပါသော်လည်း အဘက်ဘက်မှ ချို့ယွင်းအားနည်းမှုတို့ကြောင့် ကျွန်မအတွက် ကျေနပ်လောက်ဖွယ် အထင်ကရမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင် မကျန်ရစ်ခဲ့။ ဆယ်နှစ် ကျော် ကာလအတွင်း ကျွန်မစိုက်ခဲ့သော မှတ်တိုင်လေးများသည် ဝေဝါး မှေးမှိန်သွားခဲ့လျက် အတိတ်မှာသနားစဖွယ် ကျန်ရစ်ခဲ့လေပြီဟုသာ ကျွန်မခံစား ထင်မြင်မိလေသည်။

ဒီအတွက် ကျွန်မ၏ တတိယမြောက် မှတ်တိုင်ကို ကျွန်မဖန်တီး သော အနုပညာအင်အား သက်သက်ဖြင့် ထုတ်ဝေဖို့ စိတ်ကူးဖြစ် ပေါ်လာခဲ့မိသည်။ ကျွန်မရေးသားခဲ့သော ဝတ္ထုတို၊ ဝတ္ထု ရှည်များ၏ စာပေအမျိုးအစားကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ကြည့်ဖို့ ကျွန်မ စိတ်မ ဝင်စားခဲ့ပါသော်လည်း တတိယမြောက်မှတ်တိုင် စိုက်ယူရာ၌ ကျွန်မ၏ ဘဝတစ်စိတ်တစ်ပိုင်းတွင် ကြုံဆုံသိမြင်ခဲ့ရသော အချစ်နှင့် အိမ်ထောင်ရေးစာစုများကိုသာ သီးသန့်ခွဲခြား၍ စုစည်းထုတ်ဝေဖို့ စိတ်ကူးခဲ့မိသည်။ ခေတ်စနစ်တွေ မည်သို့ပင် ပြောင်းလဲနေစေကာမူ လူ့ ဝန်းကျင် လူ့အသိုင်းအဝိုင်းမှ ဘယ်သောအခါမှ ထွက်ခွာပြောင်းလဲသွား မည်မဟုတ်သောအရာကား အချစ်ဖြစ်ပါ၏။

အချစ်ကို ကျွန်မစိတ်ဝင်စားပါသည်။ အချစ်သည် ဆင်းရဲချမ်းသာမ ရွေး ဝန်းကျင်အသီးသီးရှိ လူတန်းစားမျိုးစုံဆီ၌ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် နေရာယူတည်ရှိလျက်ရှိပါသည်။ သို့ရာတွင် လူတိုင်းအချစ်နှင့် ကျွမ်းဝင်

ခွင့်ရသည်မဟုတ်။ ချစ်ခြင်းကို ဘဝတစ်သက်လုံး စိုးမိုးပိုင်ဆိုင်ခွင့် ရဖို့ ခက်ခဲပါလိမ့်မည်။

ဤလူ့ဘုံလောကဆီ၌ ချစ်ခြင်းအမျိုးမျိုးရှိပါသော်လည်း အချစ်ကို စိတ်မဝင်စားနိုင်ဘဲ အချစ်နှင့်ကင်းဝေးခဲ့ကြသူများ . . .၊ အကြောင်း အမျိုးမျိုးကြောင့် အချစ်ကို ဘေးဖယ်ရှောင်ကွင်းခဲ့ကြရသူများ . . .၊ အချစ်ကို ထဲထဲဝင်ဝင် အပိုင်ယူ သိမ်းဆည်းထားနိုင်ခဲ့သူများ . . .၊ အားလုံး . . . အားလုံးသော ပရိသတ်အတွက် အချစ်နှင့်အိမ်ထောင်ရေး ကို ဇာတ်လမ်းတည်ရေးဖွဲ့ခဲ့သော ဤစာစုများကို ရွေးချယ်၍ မဂ္ဂဇင်း ဝတ္ထုရှည်ပေါင်းချုပ်အဖြစ် ထုတ်ဝေပါသည်။ အထူးသဖြင့် ရသ စာပေ ဖတ်ရှုမှုအားနည်းလာသော ယနေ့ခေတ်အခါတွင် ချစ်ခြင်းဖွဲ့ရသဝတ္ထု များကို လူငယ်လူရွယ် စာဖတ်သူများ ခံစားဖတ်ရှုနိုင်ရန် ရည်ရွယ်လျက် အချစ်နှင့် အိမ်ထောင်ရေးစာစုများကို သီးသန့် ရွေးချယ်ခဲ့ခြင်းဖြစ် ပါသည်။

ကျွန်မခံစားဖွဲ့ခဲ့သော ချစ်ခြင်းရသ တို့အပေါ် စာဖတ်သူများမှ နက်ရှိုင်းစွာ စီးမျောပျော်ဝင်ခံစားရင်း တစ်စုံတစ်ရာလက်ခံရရှိပါစေဟု မျှော်လင့်လျက် ပေးဆပ်လိုသော နှလုံးသားတစ်စုံဖြင့်သာ ဤစာအုပ်ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

“**သူ၏ချစ်သူနှင့် အချစ်ဝတ္ထုရှည်များ**” ကို ထုတ်ဝေရာ၌ စာအုပ် ဖြစ်မြောက်ရေးအတွက် စီစဉ်ပေးသည့် အစ်မရင်းတစ်ယောက်ပမာ အားကိုးချစ်ခင်ရပါသော အစ်မနှင်း **(ဆရာမနှင်းဝေငြိမ်း)** ၊ စာအုပ် ထုတ်ဝေဖြစ်ရန်အတွက် အစဉ်အမြဲ တိုက်တွန်းကူညီ အားပေးဖြည့် ဆည်းပေးနေခဲ့သော သူငယ်ချင်း ကြည်မွေ့ **(ဆရာမကြည်မွေ့အိမ်)**၊ ဝါ ရင့်ပန်းချီအနုပညာရှင်များ မဟုတ်သည့်တိုင် ကျွန်မ၏ အနုပညာအပေါ်

တန်ဖိုးထား လေးစားစွာဖြင့် အတွင်းသရုပ်ဖော်ပန်းချီများအားလုံးနှင့် မျက်နှာဖုံးပန်းချီအတွက် မေတ္တာနှင့် ပံ့ပိုးကူညီရေးဆွဲပေးခဲ့ပါသော **ရဲ မှူးကြီး ခင်မောင် (ငြိမ်း)** နှင့် **သူငယ်ချင်းစု** စာအုပ်ထုတ်ဝေရန် စေ့ဆော်အားပေးခဲ့ပါသော "စာရေးသူများ၏ ရသစာပေ စာဖတ်ဝိုင်း"မှ စာရေးသူများ၊ ယုဒါစာအုပ်ထွက်ပါတော့ဟု အကြိမ်ကြိမ်အခါခါ တွန်းအားပေးခဲ့ကြသော စာရေးဆရာ၊ ဆရာမများနှင့် ပြည်တွင်းပြည်ပ နယ်ပယ်အသီးသီးရှိ ကျွန်မ၏ ချစ်ခင်လှစွာသော စာဖတ်ပရိသတ်များ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း လေးစားစွာ ပြောကြားအပ် ပါသည်။

**မေတ္တာဖြင့်**

**ယုဒါ**

*



# ပန်း၏အဆိပ်

ပန်း၏အဆိပ်

**မိဝါ . . .**

နင် ငါ့ကို စိတ်ဆိုးနေမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ငါ ဘာမှ လုပ်မပေးနိုင်တော့ဘူး။ မိဝါ။ ဒီအဖြစ်အပျက်ရဲ့တရားခံဟာ ငါ တစ်ယောက်တည်းပဲလို့ ငါနားလည်လက်ခံထားပါတယ်။ မလေးနဲ့ ငါ့ကို မျက်နှာချင်းဆိုင် ဆုံပေးဖို့ နင်မကြိုးစားပါနဲ့တော့ဟာ။ ငါ ဘယ်တုန်းကမှ အမိန့်ပေးလို့မရတဲ့ နင့်ကို ငါအနူးအညွတ်တောင်းပန်လိုက်တယ်။

**နင့်အမုန်းကို ခံနိုင်ရည်ရှိဖို့ ကြိုးစားနေတဲ့ . . .**

**ဖိုးကြာ**

“တောက် . . .”။ ကျွန်မရဲ့ တောက်ခေါက်သံဟာ အသံလုံနေတဲ့ အဆောင်တိုက်ခန်းကျဉ်းလေးထဲမှာ ပဲ့တင်ရိုက်ခတ်သွားတဲ့အထိ ကျယ်လောင်သွားတယ်။ ဖိုးကြာ ပြောတဲ့ စိတ်ဆိုးတယ် ဆိုတဲ့စကားက ကျွန်မအတွက် မလုံလောက်သေးပါဘူး။ ကျွန်မစိတ်ဆိုးသွားခဲ့တာ မဟုတ်ဘူး။ ဒေါသထွက်သွားခဲ့တာ။ ကြိတ်မနိုင်ခဲမရ သွေးပွက်ပွက်ဆူသွားခဲ့တာ။ ဖြစ်နိုင်ရင် အင်းစိန်ကို ခုချက်ချင်း ထလိုက်သွားလိုက်ချင်တာ။ ကျွန်မ သူနဲ့ မျက်နှာချင်းဆိုင်တွေ့လိုက်ချင်တယ်။ သူမျက်နှာကို စေ့စေ့ကြည့်ပြီး ပက်ပက်စက်စက် ကျိန်ဆဲပစ်လိုက်ချင်တယ်။ ပြီးတော့ . . . ယောကျ်ားမဆန်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချပစ်ချင်နေတယ်။

ဒါဟာ မင်းကြာညိုဆိုတဲ့ လူတစ်ယောက် ထည်ဝါဝင့် ဆိုတဲ့ မိန်းမ တစ်ယောက်အပေါ်ထားတဲ့ နားလည်မှုတဲ့လား။ လောကမှာ နင့်ရဲ့ စိတ်ကို နားအလည်နိုင်ဆုံးလူဟာ ငါပါပဲလို့ သူပြောချင် ဦးမှာလား။ အောက်

နှုတ်ခမ်းကို နာနာကျင်ကျင် ဖိဖိုက်ပြီး ဖိုးကြာရဲ့စာကို လုံးချေပစ်လိုက်မိတဲ့ အချိန်လေးမှာပဲ ဟေမာနေဝင်းရဲ့ "ယုံလား" သီချင်းကို တစ်ဆောင်လုံးကြားအောင် အော်ဟစ် ဆိုလာတဲ့ ဇာဇာ့အသံကို ကျွန်မကြားလိုက်ရတယ်။ ဇာဇာ ကျောင်းကပြန်လာပြီ။ မလေး ဘာလို့ ကျောင်းပြန်နောက်ကျနေရတာပါလိမ့်။

ကျွန်မရယ်၊ ဇာဇာရယ်၊ မလေးရယ် သုံးယောက်က ညီအစ်မအရင်းတွေလို ရင်းနှီးချစ်ခင်ကြတဲ့ အခန်းဖော်တွေပါ။ ဇာဇာနဲ့ ကျွန်မက ကိုးတန်းနှစ်ကတည်းက တွဲခဲ့ကြတာ ခုနောက်ဆုံးနှစ် ရောက်တဲ့အထိပဲ။ မလေး ကိုတော့ တက္ကသိုလ်ပထမနှစ် စတက်မှ ခင်မင်ခဲ့တာဆိုပေမယ့် အခန်းဖော်တွေဖြစ်နေတော့ လပိုင်းလေးအတွင်း ရင်းနှီးသွားခဲ့ရပြန်တယ်။ ဒါပေမယ့် မလေးက ကျွန်မတို့နဲ့ စရိုက်မတူးဘူး။ တကယ့်ရိုးရိုးလေး။ သိမ်သိမ်မွေ့မွေ့ကလေး။ ကျွန်မတို့လို သွက်သွက်ခါတွေ မဟုတ်ဘူး။ ဒါပေမယ့် အံ့သြစရာကောင်းလှတဲ့ ရေးရေစက်ကြောင့် ကျွန်မတို့ သုံးယောက်ဟာ ခွဲမရအောင် တွဲဖြစ်ခဲ့ကြတယ်။

စကားများလွန်းတဲ့ ကျွန်မတို့နှစ်ယောက်ကြားမှာ မလေးဟာ နားထောင်သူသက်သက်၊ ရယ်မောသူသက်သက်ဖြစ်ခဲ့တယ်။ မလေးက ကျွန်မတို့လို ဗရွတ်ရွှတ်တနိုင်သူမဟုတ်ဘူး။ ကျွန်မတို့လို အလှပြင်သူလည်း မဟုတ်ဘူး။ တကယ်တော့ မလေးက လှတယ်လို့ ပြောရလောက်တဲ့ ခေတ်မီမီကောင်မလေးလည်း မဟုတ်ပါဘူး။ ဒါပေမယ့် မလေးက ချစ်စရာကောင်းတယ်။ မလေး မျက်လုံးလေးတွေက အလိုလိုနေရင်း ပြုံးလက်နေတာ။ မလေးက အမြဲတမ်းအကောင်းမြင်ဝါဒကို လက်ကိုင်ထားနိုင်တဲ့သူ။ ဒါကြောင့်လည်း မလေး နှလုံးသားရဲ့အရိပ်ဖြစ်တဲ့ မျက်လုံးလေးတွေက ကြည်စင်တောက်ပနေတာပေါ့။ ခုရော အစဉ်အမြဲပြုံးပြုံးလေးနေတတ်တဲ့ မလေး ပြုံးနိုင်ဦးမှာတဲ့လား။ မလေး

ရဲ့ ကြည်လင်တဲ့ အပြုံးမျက်နှာနဲ့ သာယာအေးချမ်းနေတဲ့ ဘဝလေးကို အမှောင်ရိပ်ထိုးပြီး ဖျက်ဆီးပစ်ခဲ့တာ ကျွန်မလား၊ ဇာဇာ လား၊ မင်းကြာ ညိုလား။

(၂)

တအင့်အင့်ရှိုက်ငိုနေတဲ့ ဇာဇာ့ကိုကြည့်ပြီး ကျွန်မ ရယ်မလို ငိုမလို ဖြစ်သွားတယ်။ မလေး ရေးထားခဲ့တဲ့ စာလေးကို ဖတ်ပြီး ဇာဇာ ဟီးချငို တော့တာပဲ။ သူများကို စ,ရ နောက်ရတော့မယ် ဆိုရင် ပျော်ရွှင်ကျေနပ် တတ်လွန်းတဲ့ ဇာဇာဟာ ထစ်ခနဲဆိုရင် အငိုသန်တတ်သူဖြစ်နေပြန် တယ်။

**ဝါလေး- ဇာဇာ . . .**

မင်းတို့နှစ်ယောက်ရှေ့မှာ နေရတာ ကိုယ်မျက်နှာပူလွန်းလို့ အိမ် ခဏပြန်သွားတယ်။ စိတ်မကောင်းမဖြစ်ကြနဲ့နော်။ မင်းတို့ကို မလေး လွမ်းနေမှာပါ။

မလေး

အဲဒါ ကျွန်မနဲ့ ဇာဇာ ကျောင်းကပြန်မရောက်ခင် မလေး ရေးထားခဲ့ တဲ့စာ။ မလေးက ပဲခူးကနေ ကျောင်းလာတတ်တဲ့သူမို့ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်ဆို ပဲခူးပြန်လေ့ရှိတယ်။ ဒါပေမယ့် ကျွန်မနဲ့ဇာဇာတို့ စည်းရုံးမှုကြောင့် နှစ်ပတ်သုံးပတ်ရှိမှ တစ်ခေါက်ပဲပြန်တဲ့အကျင့်ဖြစ်နေ တာ ကြာခဲ့ပါပြီ။ မလေး ပဲခူးပြန်ရင် နှစ်လတစ်ခေါက်လောက်တော့ ကျွန်မတို့ပါသွားနေကျ။ ခုတော့ မလေးက ကျွန်မတို့နှစ်ယောက်စလုံးကို တစ်စုံတစ်ရာမပြောဘဲ တိတ်တိတ်ကလေးထွက်သွားခဲ့တာ။ ခုတစ် လော မလေးမျက်နှာမကောင်းတာ ကျွန်မတို့ သတိထားမိပေမယ့် ကျွန်မတို့ဟာသ လုပ်သမျှတွေကို ရယ်မောနေဆဲမို့ ဒီလောက် ဆိုး

ဆိုးဝါးဝါးဖြစ်ပျက်သွားခဲ့တဲ့ ပြဿနာကို နောက်ကျပြီးမှ ကျွန်မတို့ သိခဲ့ရတာ။

မလေးဟာ သူ့အတွက်နဲ့ ဘယ်သူ့ကိုမှ မထိခိုက်စေချင်တဲ့လူမျိုးပါ။ ခုလည်းကြည့် သူခံစားခဲ့ရတာတွေကို ဘာတစ်ခုမှမပြောဘဲ အောင့်အီးခံနေခဲ့တာ။ တကယ်တော့ ဒီပြဿနာရဲ့ တရားခံဟာ ကျွန်မနဲ့ဇာဇာပဲ။ ဟောကြည့် . . .ကိုယ်ကတော့ ဇာဇာ့ကို အဖော်ဆွဲထည့်နေပြန်ပြီ။ အမှန်ကို ဝန်ခံရဲတယ်ဆိုရင် ဒီကိစ္စရဲ့တရားခံဟာ ထည်ဝါဝင့်ဆိုတဲ့ ကျွန်မတစ်ယောက်တည်းသာ မဟုတ်လား။

ကျွန်မတို့သုံးယောက်ရဲ့ ပျော်ရွှင်စရာကောင်းလှတဲ့ဘဝလေးကို ဖျက်ဆီးပစ်ခဲ့တာ ကျွန်မ မဟုတ်ပါဘူးနော်။ သူပါ။ မင်းကြာညိုဆိုတဲ့ ယောကျ်ားတစ်ယောက်ပါ။ ဖိုးကြာဟာ ကျွန်မနဲ့ပတ်သက်ပြီးမှ မလေးကို သိခဲ့ရတာ။ ကျွန်မနဲ့ ဖိုးကြာက ကျောင်းစတက်တဲ့ ကလေးဘဝကတည်းက ခင်မင်ရင်းနှီးခဲ့ကြတဲ့ အိမ်နီးချင်းသူငယ်ချင်းတွေ။ ရှစ်တန်းနှစ်မှ ကျွန်မတို့ မိသားစု နယ်ကနေ ရန်ကုန်ပြောင်းလာလို့ ကွဲသွားခဲ့ကြတယ်။ အဲဒီနောက် ကိုးတန်း၊ ဆယ်တန်းအထိ စာချင်းအဆက်အသွယ်ရှိကြပြီး ဆယ်တန်းဖြေခါနီးမှာ အဆက်အသွယ်ပြတ်သွားခဲ့တယ်။ နောက်ပိုင်း ကျွန်မ ဒုတိယနှစ်စတက်တဲ့အချိန်မှာကျမှ ပြန်ဆုံခဲ့ကြတာ။ အဲဒီအချိန်မှာ ဖိုးကြာက ဂျီတီအိုင်ပထမနှစ်ပဲ ရှိသေးတယ်။ ကျွန်မနဲ့ ဖိုးကြာ ရန်ကုန်တက္ကသိုလ်ကြီးထဲမှာ မမျှော်လင့်ဘဲ ပြန်တွေ့ရပြီးတဲ့နောက် ကျွန်မနေတဲ့ အပြင်ဆောင်ကို ဖိုးကြာ မကြာမကြာ လာတွေ့ခဲ့ပါတယ်။

ဖိုးကြာနဲ့ ပြန်ဆုံရတဲ့အတွက် ကျွန်မ အတိုင်းမသိ ပျော်ရွှင်ခဲ့ရတာတော့ အမှန်ပဲ။ ကျွန်မအပေါ် ဖိုးကြာလောက် သည်းခံပေါင်းတဲ့

ယောက်ျားလေးသူငယ်ချင်း နောက်ထပ်မရှိနိုင်တော့ဘူး မဟုတ်လား။ ဖိုးကြာက စကားနည်းနည်း ခပ်အေးအေး ကောင်းလေတစ်ယောက်ပါ။ ရုပ်ကလေးက ချောချောလေးပေမယ့် ခပ်ရိုးရိုးပဲ နေတတ်ထိုင်တတ်တယ်။ ယောက်ျားလေးတစ်ယောက်အနေနဲ့ဆိုရင် နုတယ်လို့ ပြောလို့ရတဲ့အစားထဲကပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်မကိုတော့ သူအတော်လေး သံယောဇဉ်ကြီးပါတယ်။ ဖိုးကြာဟာ ငယ်ငယ်ကတည်းက ကျွန်မရဲ့ ခိုင်းဖတ်ပဲ။ ဖိုးကြာနဲ့ ကျွန်မ အတူနေခဲ့ဖူးတဲ့မြို့လေးက ရှမ်းပြည်တောင်ပိုင်းက ဗထူးဆိုတဲ့ ချစ်စရာမြို့လေးပေါ့။ ဗထူးမှာ ကျွန်မတို့ အတူနေခဲ့ဖူးတဲ့ကျောင်းက သိပ်စည်းကမ်းကြီးတာ။ အဲဒီကျောင်းရဲ့ ထူးထူးခြားခြား ပေါ်လစီက မိန်းကလေးနဲ့ ယောက်ျားလေးတူတူထိုင်ရတာပဲ။ မူလတန်းအဆင့်တွေမှာပေါ့။

ဖိုးကြာနဲ့ ကျွန်မက အိမ်ချင်းကပ်လျက်ဖြစ်သလို အတန်းထဲမှာလည်း တစ်ခုံတည်းတွဲထိုင်ရ ပြန်တော့ မရင်းနှီးဘဲရှိပါတော့မလား။ ဒီတော့ ကျွန်မ နိုင်စားသမျှကို ဖိုးကြာ ကောင်းကောင်းခံခဲ့ရတယ်။ ထစ်ခနဲဆို ကျွန်မက ဖိုးကြာခေါင်းကို သံကွန်ပါဘူးနဲ့ ခေါက်ထည့်လိုက်၊ ခဲတံရှည်နဲ့ တောင်ခနဲမြည်အောင်ရိုက်ပစ်လိုက် နည်းမျိုးစုံနဲ့ အနိုင်ကျင့်ခဲ့တာ။ ကျောင်းမှာ ဝါ၊ စိမ်း၊ နီ၊ ပြာ အသင်း လေးသင်းဖွဲ့ပြီး သန့်ရှင်းရေးလုပ်ခိုင်းတော့ ဖိုးကြာနဲ့ ကျွန်မ ကွဲသွားတယ်။ ကျွန်မအသင်း အလှည့်ကျရင် ကျောင်းစောစောလာပြီး သန့်ရှင်းရေးမလုပ်ချင်လို့ ဖိုးကြာကိုပဲ ကိုယ်စားခိုင်းခဲ့တာ။

ကျွန်မ ခိုင်းတာမလုပ်ရင် ကျွန်မ သူ့ကိုရိုက်လို့ နှက်လို့ အိမ်ကိုပြန်တိုင်ရင် "နင့်နဲ့ငါ နောက်ဘယ်တော့မှ မခေါ်တော့ဘူး။ နင်တို့ကားနဲ့လည်း မလိုက်တော့ဘူး" ဆိုပြီး ကျွန်မကပဲ ဦးဆောင် ဆန္ဒပြသေးတာ။ ပြန်တွေးကြည့်ရင်တော့ ရယ်စရာကောင်းတဲ့ အဖြစ်တွေပေါ့။ သူ့ကား

ကို ကပ်စီးပြီး ကျွန်မဗိုလ်ကျခဲ့ပုံတွေကို သူအမှတ်တရပြန်ပြောလို့ ကျွန်မတို့ ပြန်ရယ်မိကြသေးတယ်။ ဖိုးကြာ အိမ်ကကားနဲ့ ကျွန်မ ဘာသာ ကျောင်းမလိုက်ဘဲနေခဲ့ပြီး ဖိုးကြာက သူ့ကားနဲ့မလိုက်နဲ့လို့ ပြောတယ်ဆိုပြီး တိုင်ပြောလိုက်တာ ဖိုးကြာတစ်ယောက် အကျင့်ပုပ်လု ချည်ရဲ့လို့ သူ့အိမ်က အခန်းတံခါးပိတ် အရိုက်ခံခဲ့ရပါရောလား။ ထည်ဝါ ဝင့်ဆိုတာ ငယ်ငယ်ကတော့ အဲသလိုဆိုးခဲ့တဲ့ ကောင်မလေးပေါ့။

ဖိုးကြာနဲ့ ကျွန်မ ကွဲကွာသွားတဲ့အချိန်မှာ ကျွန်မတို့ အပျိုပေါက်၊ လူပျိုပေါက်လေးတွေ ဖြစ်နေကြပေမယ့် ရှက်ကိုးရှက်ကန်းဖြစ်သွားတာ တို့ ဘာတို့ မရှိခဲ့ဘူး။ ပြန်တွေ့တော့လည်း ဒီအတိုင်းပဲ။ “ဟယ် . . . ဖိုး ကြာစုတ် ရန်ကုန်ရောက်နေတာ ငါ့ကိုလိုက်မရှာဘူး။ ခုမှပဲ တွေ့ရ တယ်။ အဲဒါ နင့်ကြောင့်” ဆိုပြီး တွေ့တွေ့ချင်း ဖိုးကြာနဖူးကို ကျွန်မတ အားထုချလိုက်မိတာ သူငယ်ချင်းတွေတောင် အံ့အားသင့်ခဲ့ရတယ်။ ဖိုး ကြာကို ပြန်တွေ့ရတဲ့အတွက် ကျွန်မ ဟန်မဆောင်နိုင်လောက်အောင် ပျော်သွားရတာကိုး။ အဲဒီကစလို့ အင်းစိန် ဂျီတီအိုင်တက်နေတဲ့ ဖိုးကြာ ကျွန်မအဆောင်ကို ရောက်ရောက်လာတော့တာပဲ ဆိုပါတော့လေ။

(၃)

ကျွန်မ သိခဲ့ပါတယ်။ ဖိုးကြာ ကျွန်မဆီကို ဘာလို့မပျက်မကွက် လာ နေခဲ့တယ်ဆိုတာကို။ ဘယ်လောက်ရိုးသားတဲ့ ယောကျ်ားဖြစ်ပါစေ သူ တို့ မ “အ” ကြဘူးဆိုတာ ကျွန်မသိတာပေါ့။ ပါပေမယ့် ဒီက ထည်ဝါဝင့် ပဲလေ။ ခပ်ထူထူမိန်းမမှ မဟုတ်ခဲ့တာ။ ဘယ်ရလိမ့်မလဲ။ ငယ်ငယ် ကတည်းက နားရွက်လိမ်ဆွဲပြီး ခေါင်းခေါက်ခဲ့တဲ့သူ မဟုတ်လား။ ရှေ့ တစ်လှမ်းတိုးဖို့ မကြိုးစားနဲ့ဦး မင်းကြာညို။ ထည်ဝါဝင့်က သူများနဲ့မတူ ဘူးဆိုတာ သိနေသားမဟုတ်လား။

ကျွန်မအဆောင်ကို လာမြဲတိုင်း လာတွေ့နေဆဲအချိန်မှာ ကျွန်မ အကြံတစ်ခုရသွားတယ်။ ဇာဇာ့ကို တိုင်ပင်ကြည့်တယ်။ ဇာဇာကလည်း အိုကေစိန်လိုက်တဲ့။ ကျွန်မနဲ့ဇာဇာ နှစ်ယောက်သား စီမံကိန်းတစ်ခုဆွဲ လိုက်ကြတယ်။ မလေးမသိအောင် မလေးမရှိတဲ့ ကျောင်းပိတ်ရက်တွေ မှာရယ်၊ မလေးကျောင်းသွားချိန်တွေမှာရယ် နှစ်ယောက်သား ကျိတ်ကြံ ခဲ့ကြတယ်။ အဲဒီအစီအစဉ်ဆွဲပြီးတဲ့နောက် ဖိုးကြာ ကျွန်မတို့အဆောင် ကိုလာရင် ကျွန်မနဲ့ ဇာဇာ တိုင်ပင်ထားတဲ့အတိုင်း အကောင်အထည်ဖော်တော့တာပဲ။ ဖိုးကြာ ကျွန်မကိုလာတွေ့ရင် မ လေးကို အရင်ထွက်တွေ့ခိုင်းလိုက်တယ်။ ထည်ဝါဝင့် ဧည့်သည်ဆိုတဲ့ အသံကြားမှ ရေချိုးခန်းထဲ၊ အိမ်သာထဲ ပြေးဝင်ပြီး ခဏရှောင်ပုန်းတဲ့ နည်းကတော့ ကျွန်မတို့ရဲ့ ပထမဦးဆုံးဗျူဟာပေါ့။ ရိုးသားတဲ့ မလေး ကတော့ ကျွန်မတို့ ကိုယ်စား ရိုးရိုးသားသားပဲ ဧည့်သည်ကို ထွက်တွေ့ ပေးရှာပါတယ်။

ဘာမှ မသိရှာတဲ့ ဖိုးကြာကလည်း အရင်ဆုံးထွက်တွေ့တဲ့ မလေးနဲ့ စကားပြောပြီး ကျွန်မ ထွက်အလာကို ပုံမှန်အတိုင်း စောင့်နေခဲ့တယ်။ အဲဒီကနေ ဒုတိယတစ်ဆင့်တက်လို့ မလေးကို “ဖိုးကြာနဲ့ မလေး ရွှေ နှလုံးသားမှာ သွားစောင့်နေဟာ၊ အဆောင်ရှေ့မှာ ဖိုးကြာ ရပ်စောင့်နေ ရတာ သနားပါတယ်။ ပါလာလည်း ရှိတာမဟုတ်ဘူး၊ ဟိုလူကကြည့်၊ ဒီ လူကကြည့်နဲ့။ လက်ဖက်ရည်ဆိုင်မှာဆိုတော့ ဣန္ဒြေရတာပေါ့ မလေး ရယ်” ဆိုပြီး နှစ်ယောက်တွဲ ပ,ထုတ်လိုက်ကြတယ်။ ဖိုးကြာ လာရင် ကျွန်မတို့သုံးယောက်နဲ့ ဖိုးကြာ လှည်းတန်းက လက်ဖက်ရည်ဆိုင် တစ် ဆိုင်ဆိုင်ဖြစ်ဖြစ်၊ အင်းလျားဖြစ်ဖြစ် သွားတတ်ကြတယ်။ မလေးနဲ့ဇာဇာ ကလည်း ဖိုးကြာကို သူငယ်ချင်းတစ်ယောက်အဖြစ် တော်တော်လေး ခင်မင်ရင်းနှီးနေပြီလေ။ ဒါပေမယ့် ကျွန်မနဲ့ ဇာဇာက မလေးနဲ့ ဖိုးကြာ

ကို သူငယ်ချင်းအဖြစ်ထက် ပိုသွားစေချင်တာ မဟုတ်လား။

အလုပြင်ရင် သိပ်ကြာတဲ့ ကျွန်မနဲ့ဇာဇာအကြောင်းကို ဖိုးကြာရော မလေးပါ သိကြပြီးသားလေ။ ဒီတော့ ကျွန်မတို့နှစ်ယောက် အလုပြင်လို့ ကြာနေတယ်ပဲ အောက်မေ့ပြီး တစ်နေရာရာကနေ မလေးတို့ စိတ်ရှည် လက်ရှည်စောင့်နေခဲ့ကြတယ်။ တစ်ခါတစ်လေ လက်ဖက်ရည်ဆိုင်ထဲ မှာ ဖိုးကြာနဲ့ မလေး တစ်နာရီကျော် ထိုင်စောင့်နေတဲ့နေ့တွေလည်းရှိ တယ်။ အချိန်သိပ်ကြာသွားလို့ ကျွန်မတို့ပေါ်လာရင် မလေးကို အဆောင်ပြန်ပို့ပြီး ဖိုးကြာပြန်သွားလေ့ရှိတယ်။ အဲဒီအခါ ကာယကံရှင် ဖြစ်တဲ့ ကျွန်မရောက်မလာလို့ စိတ်ဆိုးလာတဲ့ မလေးကို "မလေးရယ် မိ ဝါအိမ်က ဖုန်းလာလို့တော့။ မိဝါအမေရယ် တော်တော်နေမကောင်းဖြစ် နေသတဲ့။ ခု . . . မိဝါကြီး ငိုနေတယ်" ဆိုတာ မျိုး၊ "မလေးရေ . . . ဇာဇာ ရေချိုးရင်း ချော်လဲတာ ခြေထောက် ထောက်လို့မရဘူးဖြစ်သွားတယ်။ မိဝါဖြင့် မလေးကိုလည်း အားနာ၊ ဇာဇာကိုလည်း ထားခဲ့လို့မရနဲ့ စိတ် ကိုညစ်ရော။ ဖိုးကြာ ပြန်သွားပြီလား" ဆိုတဲ့ ဇာတ်လမ်းမျိုးစုံနဲ့ မျက်ကလဲဆန်ပျာ လုပ်ပြလိုက်တော့ မလေးကတောင် တစ်ပြန် သနား စိတ်တွေ ဝင်သွားလို့ပေါ့။ ရိုးစင်းလှတဲ့မလေးဟာ ကျွန်မတို့ နှစ်ယောက် လိမ့်သမျှ အဟုတ်ကြီးထင်နေခဲ့တယ်လေ။

ဒါပေမယ့်လို့ ဖိုးကြာနဲ့ မလေး နှစ်ယောက်လုံးဟာ အင်မတန် ရိုး အေးတဲ့သူတွေဖြစ်တာရယ်၊ သူတို့စိတ်ကိုက သူငယ်ချင်းစိတ်ထက် မပို တာရယ်ကြောင့် ကျွန်မတို့ ဘယ်လောက်ပဲ တွန်းပို့တွန်းပို့ ဘာတစ်ခုမှ ထူးခြားပြောင်းလဲ မလာခဲ့ပါဘူး။ ဒီတော့ ကျွန်မနဲ့ဇာဇာ ခေါင်းချင်းရိုက် ကြရပြန်တယ်။ ဖိုးကြာကို ပေါ်တင်ဖွင့်ပြောဖို့ နှစ်ဦးသဘောတူ ဆွေးနွေးလိုက်တယ်။ အကောင်အထည် ဖော်ရသူကတော့ ကျွန်မပေါ့။ ဖိုးကြာက ကျွန်မသူငယ်ချင်း မဟုတ်လား။

အံ့သြတကြီးဖြစ်သွားတဲ့ ဖိုးကြာမျက်လုံးတွေကို ခုချိန်ထိ ကျွန်မမြင်ယောင်မိပါသေးတယ်။ "မလေးနဲ့နင့်ကို ငါတို့သဘောတူထားတယ်ဟ၊ နင်ကသိပ်ရိုးတော့ ခပ်လည်လည်မိန်းမနဲ့ တွေ့သွားမှာစိုးလို့။ နင်သိတဲ့အတိုင်းပဲ ခုခေတ်ကောင်မလေးတွေ ဘယ်လောက်လည်တယ်ဆိုတာ။ ယောကျ်ားကောင်းကောင်းတော့ လိုချင်ကြတယ်။ အိမ်ထောင်မှုကို ဘာမှနိုင်နင်းတာမဟုတ်ဘူး။ မလေးကတော့ ငါတို့ကိုလည်း ချစ်တယ်၊ တော်လည်း တော်တယ်၊ စိတ်ရင်းလည်း ဖြူတယ်၊ နင်နဲ့ အကိုက်ဆုံးပါပဲ။ ဒါပဲနော် ဖိုးကြာ နင် မလေးကလွဲရင် ဘယ်သူ့ကိုမှ မကြိုက်ရဘူး။ မလေးကို နင်ကြိုက်ရမယ်"

ကျွန်မရဲ့ အကျပ်ကိုင်စကားကိုကြားတော့ ဖိုးကြာ အတော်ကြီးကို စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့တာ။ "မဖြစ်နိုင်ပါဘူးဟာ" ဆိုတဲ့ စကားကိုသာ ထပ်တလဲလဲပြောနေခဲ့တယ်။ ကျွန်မကလည်း လုံးဝမလျှော့ဘူး။ "နင့် ငါ့အဆောင်ကိုလာရင် လေးစန္ဒာလို့ ခေါ်ရမယ်။ မဟုတ်ရင် နင်နဲ့ငါ မခေါ်ဘူး။ နင် ငါ့ဆီလုံးဝမလာနဲ့တော့" လို့ ကျွန်မ အရဲစွန့်ခြိမ်းခြောက်လိုက်တာနဲ့ ဖိုးကြာ သုံးလေးပတ်ဆက်တိုက် ပေါ်မလာတော့ဘူး။ ဇာဇာကတော့ ဖိုးကြာပေါ်မလာတော့လို့ "နင့်အမိန့်ကြီးက ပြင်းထန်လွန်းပါတယ်ဟာ။ ခုကြည့် . . . .ဖိုးကြာ မလာတော့ ငါတို့ဘာမှ ဆက်မလှုပ်ရှားနိုင်တော့ဘူး၊ သူငယ်ချင်းတစ်ယောက် အလကားဆုံးရှုံးရတာပဲ ရှိတယ်" ဆိုပြီး စိတ်မကောင်းဖြစ်နေသေးတယ်။

ဘာမှမသိတဲ့ မလေးကတော့ "မိဝါနဲ့ ဖိုးကြာ ရန်ဖြစ်ထားကြပြန်ပြီလား၊ ခုတစ်လော ဖိုးကြာ မလာပါလား" တဲ့ . . . မေးရှာတယ်။ ကျွန်မလည်း ပြောသာပြောလိုက်ရပေမယ့် ဖိုးကြာမလာတော့ စိတ်ဆင်းရဲနေမိတယ်။ ဖိုးကြာ ပြန်လာပါစေဆိုပြီး ဆုတောင်းရတာလည်း အမောပါပဲ။ တစ်လ ကျော်တော့ ဖိုးကြာ ပြန်ပေါ်လာပါလေရော။ သူဇာနိုင်ဆိုတဲ့

ဇာဇာ့အမည်ကိုတပ်ပြီး ကျွန်မတို့ အဆောင်ကို ရောက်လာခဲ့တာ။ ဇာဇာနဲ့ ကျွန်မဆိုတာ ပျော်လိုက်ရတာလေ အရမ်းပါပဲ။ “ဖိုးကြာရယ် ဒီတစ်ခါ နင့်မျက်နှာကိုတွေ့ရတာ မင်းသားရန်အောင်ကို လက်ဆွဲနှုတ်ဆက်ရ တာထက်တောင် ပျော်သေးတယ်” လို့ ဇာဇာပြောတော့ ထုံးစံအတိုင်း ဖိုးကြာပြုံးနေခဲ့တယ်။

ဘာပဲဖြစ်ဖြစ် ဖိုးကြာ ကျွန်မကို ပစ်ပယ်စွန့်ခွာမထားနိုင်ဘူးဆိုတာ ပိုသိလာတဲ့အတွက် ကျွန်မ ကျေနပ်သွားတယ်။ ဖိုးကြာကို ကျွန်မအဆုံး ရှုံးမခံနိုင်ဘူးလေ။ ဖိုးကြာအပေါ် ချစ်သူတစ်ယောက်လို ကျွန်မ ဘယ်လိုမှ ချစ်လို့မရဘူး။ သံယောဇဉ်ရှိတာတစ်ခုပဲ။ ဒါပေမယ့် ဖိုးကြာရဲ့ အရည်အချင်းကို ကျွန်မအထင်ကြီးတယ်။ ဖိုးကြာရဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်ကို သဘောကျတယ်။ ဖိုးကြာလို ရိုးသားဖြူစင်တဲ့ ယောကျ်ားတစ်ယောက်ကို ရဖို့မလွယ်ဘူးဆိုတာ ကျွန်မသိတာပေါ့။ ဒါကြောင့်လည်း ကျွန်မချစ်တဲ့မလေးနဲ့ ကျွန်မသံယောဇဉ်ကြီးတဲ့ဖိုးကြာကို ဖြစ်သွားစေချင်ခဲ့တာ။ ဒီကိစ္စမှာ ကျွန်မ တရားတယ်၊ မတရားဘူးဆိုတာ ဝေဖန်ဆွေးနွေးပေးမယ့်သူ တစ်ယောက်မှ မရှိခဲ့တဲ့အတွက် ကျွန်မဖန်တီးတဲ့ ဇာတ်လမ်းက ရုပ်လုံးပေါ်လာခဲ့ပြန်တယ်။ တစ်သက်လုံး ကျွန်မကို အလျှော့ပေး အရှုံးခံလာတဲ့လူတစ်ယောက်ကို ကျွန်မ နိုင်ထက်စီးနင်း ဗိုလ်ကျပြီးနောက် ကျွန်မ မျှော်လင့်တဲ့ အနာဂတ် ပီပြင်လာခဲ့တယ်ဆိုပါတော့။

(၄)

ရှက်ကိုးရှက်ကန်း ရယ်မောနေတဲ့ မလေးကိုကြည့်ပြီး ကျွန်မနဲ့ ဇာဇာ အူလှိုက်သည်းလှိုက် ရယ်မောခဲ့ကြတယ်။ ဖိုးကြာက မလေးကို ရည်းစားစကား ပြောလိုက်တယ်ဆိုပဲ။ ဇာဇာနဲ့ ကျွန်မဟာ မျက်နှာတွေ

နီရဲနေတဲ့ မလေးကို အားနာပါးနာ စစ်စစ်ပေါက်ပေါက် မေးခွန်းတွေ ထုတ်ကြတယ်။ ပြီးတော့ ဖိုးကြာရဲ့ ဂုဏ်ပုဒ်တွေကို ကျွန်မတို့မေဂျာက ပြဋ္ဌာန်းစာအုပ် ခြောက်အုပ်စာ လောက်ရှိအောင် ထုတ်ဖော်ချီးမွမ်း ပေးလိုက်ကြတယ်။ အဲဒီအချိန်အထိ မလေးဟာ ဖိုးကြာအပေါ် သူငယ်ချင်း တစ်ယောက်အဖြစ်သာ ရိုးရိုးသားသား ခင်မင်ခဲ့တာ။

မောင်လေးတစ်ယောက်လိုပဲ ချစ်နိုင်ပါတယ်ဟယ်လို့ ဆိုနေတဲ့ မလေးကို ညစဉ်ညတိုင်း စာမကျက်ဘဲ ဖိုးကြာဘယ်လိုတော်ကြောင်း၊ ရည်းစားဘယ်လိုထားသင့်ကြောင်းတွေ လက်ချာရိုက်ပေးသူတွေ ကတော့ ကျွန်မနဲ့ ဇာဇာနှစ်ယောက်တည်းပေါ့။ “မလေးရယ် နင် ကံကောင်းလွန်းလို့ သိလား၊ နင်နဲ့ ဖိုးကြာကို ငါတို့က သဘောတူနေ တာ၊ စိတ်ထဲကပေါ့ဟာ၊ ခုတော့ ငါတို့တောင် ပြောစရာမလိုတော့ဘူး၊ နင်မို့လို့ ဖိုးကြာက ကြိုက်တာ မလေးရဲ့။ ဇာဇာ့ကို ကြိုက်ရင်လည်း မိဝါ က သဘောမတူပါဘူး။ မလေးနော် ဖိုးကြာကို ပြန်ကြိုက်လိုက်။ မဟုတ် ရင်တော့ ဇာဇာက ဖြတ်ခုတ် ပစ်လိုက်မှာပဲလို့” ဇာဇာက ဘေးတီး ပေးလိုက်၊ ကျွန်မက . . .

“မလေးနော် မိဝါ သူငယ်ချင်းကို ငြင်းရဲငြင်းကြည့် မလေးသဘောမ တူတဲ့ လောဖိုင်နယ်က ဟို . . . ရုပ်ဆိုးဆိုးကောင်ကို မိဝါ အဟုတ်ပြန် ကြိုက်ပစ်လိုက်မှာ” လို့ ခြိမ်းခြောက်လိုက်နဲ့ မလေးတစ်ယောက် ဘေးကျပ်နံကျပ်ဖြစ်လာအောင် ဝိုင်းပြီးမြှောက်ထိုးပင့်ကော်လုပ်ခဲ့ကြ တယ်။ မလေးတို့ ကျောင်းက ကျောင်းသားတစ်ယောက်က ကျွန်မကို အသည်းအသန်ကြိုက်နေတာ ရှိတယ်လေ။ ဆံပင်ကောက်ကွေးနဲ့ ကာတွန်းရုပ်နဲ့တူတဲ့ အဲဒီလူ ကျွန်မကိုမှ ကြိုက်ရပ့ါမလားဆိုပြီး မလေး ဆို ဒေါသမထွက်စဖူးထွက်ပြီး ဆွေ့ဆွေ့ခုန်နေခဲ့တာ။ ကျွန်မ မလေး စာသင်ခန်းရှိတဲ့ ရာမညဆောင် အပေါ်ထပ်ကိုသွားရင် စေ့စေ့ကြည့်တာ

တောင် မလေးက မခံနိုင်လွန်းလို့တဲ့။ မလေးဆိုတာ ကျွန်မ အပေါ် ဒီလောက်ချစ်တဲ့လူ။

ဇာဇာလည်း ကျွန်မကို ချစ်တာပါပဲ။ ဒါပေမယ့် မလေးလောက်တော့ သည်းခံစိတ်မရှည်နိုင်ဘူး။ ကျွန်မခါးကိုက်လို့ ကိုယ်လက်တွေ ညောင်းညာနေလို့ဆိုရင် စိတ်ရှည်လက်ရှည် နင်းပေးတတ်သေးတာ။ ဘယ်လောက်ကြာကြာ နင်းရပါစေ တစ်ချက်မညည်းညူဘူး။ ဇာဇာ့ကို များ နင်းခိုင်းလိုက်ရင် လမ်းလျှောက်သလို တက်နင်းချေတော့တာပဲ။ မလေးထက်ပိုပိန်တဲ့ ဇာဇာ့အနင်းကို ကျွန်မ မခံနိုင်ဘူး။ ဇာဇာက စိတ်မရှည်တတ်ဘူးလေ။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့သုံးယောက်ကြားမှာ မနာလိုတာ၊ ပြိုင်ဆိုင်တာ လုံးဝမရှိဘဲ တူညီတဲ့စိတ်ထားတွေနဲ့ ပေါင်းခဲ့ကြတာမို့ အားလုံး စိတ်ချမ်းသာပျော်ရွှင်ခဲ့ကြတာတော့ အမှန်ပါပဲ။ ကျွန်မတို့မှာ ကျောင်းပြီးလို့ ကွဲသွားကြရင်ဆိုပြီး တွေးမိရင်းတောင် မျက်ရည်ကျရတဲ့ အထိ ဖြစ်ကြရတာ။

ကျွန်မတို့နှစ်ယောက်အပေါ် မလေး ဘယ်လောက်အထိ အလေးထားချစ်ခဲ့တယ်ဆိုတာ သိသာပါတယ်။ ကျွန်မတို့စိတ်ကြိုက်ရွေးပေးထားတဲ့ ယောကျ်ားတစ်ယောက်ကို လက်ခံတဲ့အထိပဲလေ။ မိဝါနဲ့ ဇာဇာ မလေးနဲ့ ပတ်သက်ပြီး စိတ်ချမ်းသာရတယ်ဆိုရင်ပဲ မလေး ကျေနပ်လှပါပြီတဲ့။ အဲဒီကာလတွေမှာ ကျွန်မတို့ သူငယ်ချင်းသုံးယောက်ရဲ့ အပျော်ဆုံးကာလတွေပေါ့။ လေးစန္ဒာ ဧည့်သည်ဆိုတဲ့အသံကြားရင် ကျွန်မနဲ့ ဇာဇာ ဝမ်းသာအားရ ဖြစ်ကြရတယ်။ ထည်ဝါဝင့်ဆိုတဲ့ အမည်ကိုခေါ်ရင် ချက်ချင်းထွက်မတွေ့ခဲ့တဲ့ ကျွန်မဟာ လေးစန္ဒာ အမည် ကြားရတဲ့အခါ ပြုံးစိစိ မျက်နှာနဲ့ မလေးနောက်ကလိုက်ပြီး ဖိုးကြာကို ထွက်နှုတ်ဆက်ခဲ့တယ်။ တကယ်ဆို အဲဒီကတည်းက ဖိုးကြာရဲ့ မျက်လုံးတွေကို အဓိပ္ပာယ် ဖတ်ကြည့်ခဲ့ဖို့ကောင်းတာပေါ့။ အင်းလေ။

မင်းကြာညို့ရဲ့ မျက်လုံးထဲမှာ ဘာတွေရှိခဲ့တယ်ဆိုတာကို ကျွန်မသိခဲ့ လျက်နဲ့ပဲ . . .။

## (၅)

မလေး ပဲခူးပြန်သွားတဲ့ ကျောင်းပိတ်ရက် ညနေခင်းတစ်ခုမှာ ဖိုးကြာ ကျွန်မတို့အဆောင်ကို ရောက်လာခဲ့တယ်။ လေးစန္ဒာ ဧည့်သည်လို့ အဆောင်သူတစ်ယောက်က လှမ်းအော်ပေးတော့ မလေးအစား ကျွန်မ ထွက်တွေ့ခဲ့တယ်။ ဖိုးကြာလို့ ကျွန်မထင်မထားခဲ့တဲ့အတွက်လေ။ မလေး အိမ်ပြန်သွားတာ ဖိုးကြာ သိနေခဲ့တာပဲ မဟုတ်လား။ ဖိုးကြာကို တွေ့လိုက်ရတော့ ကျွန်မ အံ့ဩ သွားခဲ့တယ်။ “မလေး မရှိဘူး ဖိုးကြာ” လို့ ကျွန်မပြောမိတော့ “ငါသိပါတယ်” တဲ့၊ ကျွန်မစိတ်ထဲ တစ်မျိုးကြီး ခံစားလိုက်ရတယ်။ “ငါက ထည်ဝါဝင့်ရဲ့ သူငယ်ချင်းလား၊ လေးစန္ဒာရဲ့ သူငယ်ချင်းလားဆိုတာ နင်မခွဲခြားတော့ဘူးလား မိဝါ” လို့ သူပြောတော့ “ထည်ဝါဝင့် သူငယ်ချင်း လေးစန္ဒာ ရည်းစားလေ” လို့ ကျွန်မပြန်ဖြေလိုက်တယ်။ ဖိုးကြာ ပြုံးသွားတယ်။ ဒါပေမယ့် မဲ့ပြုံးဖြစ် နေခဲ့တယ်။ အဲဒီနေ့က ကျွန်မနဲ့ဖိုးကြာ စကားတွေအများကြီး ပြောဖြစ်ခဲ့ကြတယ်။ ကျွန်မတို့ ပုဂ္ဂလိကအဆောင်မှာ ပါလာမရှိတဲ့အတွက် လက်ဖက်ရည်ဆိုင်မှာပဲ စကားထိုင်ပြောကြရတယ်။ ကျွန်မတို့ အဆောင်နဲ့ သိပ်မဝေးလှတဲ့ အင်းစိန်လမ်းမကြီးပေါ်က Spectrum (အရင်တုန်းက Peace House) ဆိုတဲ့ ဆိုင်လေးထဲမှာပေါ့။ ဇာဇာက သူ့အဒေါ်အိမ် ညအိပ်ထွက်သွားလို့ ကျွန်မ တစ်ယောက်တည်း ဖြစ်နေခဲ့တာ။ ဖိုးကြာ ဘာတွေပြောမှာပါလိမ့်ဆိုပြီး ရင်ထိတ်နေတဲ့ကျွန်မဟာ ဖိုးကြာကို မကြောက်စဖူး ကြောက်နေခဲ့မိတယ်။

“နင် ပျော်နေလား မိဝါ” ဆိုတဲ့ ဖိုးကြာရဲ့ အူကြောင်ကြောင်နိုင်လှတဲ့

အမေးကို "ပျော်တယ်၊ နင်နဲ့ မလေး ပြေလည်သွားကတည်းက ငါအမြဲ ပျော်နေတာပဲ"လို့ လွယ်လွယ်ကူကူ ပြန်ဖြေလိုက်တယ်။ "ငါကလည်း နင့်ကို အမြဲပျော်နေစေချင်တာပါ။ ဒါပေမယ့် နင်ပျော်ရဖို့ တစ်ခုအတွက်နဲ့ အပြစ်မဲ့တဲ့လူတစ်ယောက်ကို ငါမရက်စက်ချင်တော့ဘူး မိဝါ။ ငါမလေးကို ဆက်ပြီး ဟန်ဆောင်မနေချင်တော့ဘူး"

"နင် . . . နင် ဘာတွေလာပြောနေတာလဲ ဖိုးကြာ။ နင် ငါ့ကို စိတ်ချမ်းသာစေချင်တယ်ဆို။ နင့်ကို မလေး လက်ခံအောင် ငါဘယ်လောက် စည်းရုံးခဲ့ရတယ်ဆိုတာ နင်သိသားနဲ့ဖိုးကြာရယ်။ ပြီးတော့ ဒီကိစ္စဟာ ပျော်ဖို့သက်သက် လုပ်ပေးခဲ့တဲ့ ကိစ္စမဟုတ်ပါဘူး ဖိုးကြာရဲ့။ နင်တို့နှစ်ယောက်လုံးအပေါ် စေတနာ မေတ္တာအပြည့်ထားပြီး လုပ်ပေးခဲ့တဲ့ကိစ္စပါ။ ခု မလေးက နင့်ကို တကယ်စွဲစွဲလမ်းလမ်း ချစ်သွားပြီဆိုတာ နင်မသိဘူးလားဟင်"

"သိတယ်၊ သိပ်သိတာပေါ့၊ ဒါကြောင့် သူ့ကို ငါဟန်မဆောင်ချင်တော့တာ။ သိပ်ပြီး အပြစ်ကင်း ဖြူစင်တဲ့ လူတစ်ယောက်အပေါ် ဒီ့ထက်ပိုပြီး ငါ မရက်စက်ချင်တော့လို့ပဲ မိဝါ"

"အို . . .နင်မရက်စက်ချင်တာက ပိုပြီး ရက်စက်ရာကျသွားမှာပေါ့။ ငါတို့ သူ့ကို ဝိုင်းလိမ်ခဲ့ ကြတယ်လို့ သူထင်သွားတော့မှာပေါ့ ဖိုးကြာရဲ့" ကျွန်မအသံတွေက ငိုချင်စိတ်ကြောင့် ထိန်းလို့မရအောင် တုန်နေခဲ့တယ်။ "အေးလေ ခုလည်း . . . ဝိုင်းလိမ်နေကြတာပဲ မဟုတ်ဘူးလား" လို့ ဖိုးကြာ ပြန်ပြောတော့ ကျွန်မမျက်ဝန်းက မျက်ရည်တွေစီးကျလာတော့တာပဲ။ ဟုတ်တယ်။ ကျွန်မတို့ မလေးကို ဝိုင်းလိမ်ခဲ့ကြတယ်။ ဟင့်အင်း . . . မဟုတ်ဘူး။ စေတနာ စေတနာနဲ့ ပြောခဲ့ကြတာပါ။ ကျွန်မ ဖိုးကြာစကားတွေကို မကြားတစ်ချက် ကြားတစ်ချက် နားထောင်နေခဲ့

တယ်။ ဖိုးကြာ အကြောင်းကို ကျွန်မပြောပြရင် မျက်လုံးလေးဝိုင်းပြီး ပြူးပြူးလေး ငြိမ်နားထောင်တတ်တဲ့ မလေး မျက်နှာသွယ်သွယ်လေးကို ပဲ မြင်ယောင်နေမိတယ်။

လက်ဖက်ရည်ဆိုင်ထဲမှာပဲ ကျွန်မ မျက်ရည်တွေ တားမရအောင် စီး ကျလာတော့ ဖိုးကြာ ပျာယာခတ်သွားတယ်။ မင်းကြာညိုဟာ ထည်ဝင့် ဝါရဲ့ မျက်ရည်တွေကို ဇိမ်ခံကြည့်နေနိုင်သူမဟုတ် ဘူးဆိုတာ ကျွန်မ သိ ပါတယ်။ “သွားမယ်” လို့ ဗလုံးဗထွေးပြောပြီး လက်ဖက်ရည်ဆိုင်ထဲက နေ ကျွန်မတို့ နှစ်ယောက် ပြန်ထွက်ခဲ့ကြတယ်။ လမ်းမပေါ်ရောက်တာ နဲ့ မျက်ရည်တွေကို ကျွန်မ ဒေါသတကြီးသုတ်ပြီး ဖိုးကြာကို ရန်တွေ့ တော့တာပဲ။ ယောကျ်ားမပီသတဲ့ကောင်၊ လူယုတ်မာ၊ ခွေးကောင်စုတ်၊ သစ္စာဖောက်ဆိုတဲ့ စကားလုံးအမျိုးမျိုးနဲ့ ဖိုးကြာကို ကျွန်မစိတ်တိုင်းကျ ဆဲဆိုပစ် လိုက်တယ်။

ဒါပေမယ့် ဖိုးကြာကို ဘယ်လိုပြောလို့မှ ကျွန်မအားမရနိုင်ဘူးဖြစ်နေ တယ်။ ဖိုးကြာကတော့ ကျွန်မပြောသမျှ ငြိမ်ခံလာတာပါပဲ။ မလေးကို ဖိုးကြာ ပစ်ပယ်ထားခဲ့မှာကို သေရမလောက် ကြောက်နေတဲ့ ကျွန်မဟာ နှုတ်သီးကောင်းလှျာပါး ရန်စကားဆိုပြီး တစ်ခါ ငိုချမိပြန်တယ်။ ပြီး တော့ မျက်ရည်သုတ်ရင်း သက်ပြင်းအခါခါချနေတဲ့ ဖိုးကြာကို အနုနည်း သုံးပြီး ရှိခိုးမတတ် တောင်းပန်နေမိပြန်တယ်။

“ဖိုးကြာရယ် . . .မလေးသနားပါတယ်။ နင် မရက်စက်ပါနဲ့နော်။ ဟန်ဆောင်လက်စနဲ့ ဆက်ပြီး ဟန်ဆောင်လိုက်ပါတော့နော်။ မလေးက နင့်ကို သိပ်ချစ်တာ ဖိုးကြာရဲ့။ တဖြည်းဖြည်းနဲ့ နင်လည်း မလေးကို ချစ် သွားမှာပါ။ မလေး ငါ့ကိုအထင်လွဲအောင် မလုပ်ပါနဲ့ ဖိုးကြာရယ်။ နင် က ငါ့ရဲ့သူငယ်ချင်းကောင်း အမြဲတမ်းဖြစ်နေတယ်ဆို။ ငါ့ကိုသနားရင်

နင် မလေးကို မရက်စက်ပါနဲ့”

ဖိုးကြာရဲ့ သက်ပြင်းချသံတွေ ပိုပြီး ကျယ်လောင်လာခဲ့တယ်။ အဲဒီနေ့က ကျွန်မတို့ အဆောင် ခြံဝင်းထိပ်ထိ ကျွန်မကို ပြန်ပို့ပေးခဲ့တဲ့ ဖိုးကြာဟာ တစ်လမ်းလုံး စကားတစ်ခွန်းမှ ပြောမသွားခဲ့ဘူးထင်ပါတယ်။

(၆)

ကျွန်မ အဆောင်ကို ဖိုးကြာ သိသိသာသာ အလာနည်းသွားတဲ့အချိန်မှာ ပျာယာခတ်နေတဲ့ လူက ဖိုးကြာရည်းစား လေးစန္ဒာမဟုတ်ဘဲ ထည်ဝါဝင့် ဖြစ်နေခဲ့တယ်။ မလေးက “ဖိုးကြာ စာမေးပွဲ နီးလို့ စာကျက်နေတယ်”လို့ ပေါ့ပေါ့လေးပြောနိုင်ပေမယ့် အကြောင်းသိနေတဲ့ ကျွန်မကတော့ စိတ်တွေလေးနေခဲ့တယ်။ ဖိုးကြာတို့က နှစ်ဝက်စာမေးပွဲဖြေရသူတွေ။ တကယ်ဆို မကြာခင်ကမှ နှစ်ဝက်စာမေးပွဲဖြေထားရတာမို့ စာကို ဒီလောက် သဲသဲမဲမဲ ကျက်နေစရာမလိုတာ ကျွန်မသိတာပေါ့။ ဖိုးကြာမလာတာဟာ စာကျက်နေရလို့ မဟုတ်ဘဲ တမင်မလာချင်လို့ မလာတာဆိုတာ ကျွန်မ သိနေခဲ့တယ်။

အင်းစိန် ဂျီတီအိုင်ဝင်းထဲမှာနေတဲ့ ကောင်လေးတစ်ယောက်အတွက် လှည်းတန်း ဓေယျာသီရိလမ်းထဲမှာနေတဲ့ ကောင်မလေးတစ်ယောက်ဆီ သုံးလေးရက်တစ်ခါ လာတွေ့ဖို့ကိစ္စဟာ ခက်ခဲတဲ့အလုပ်တစ်ခုမှ မဟုတ်ဘဲ။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ ပဲခူးပြန်ဖို့ စီစဉ်ထားတဲ့ မလေးဟာ ဖိုးကြာလာမယ်အထင်နဲ့ အိမ်မပြန်ဘဲ စောင့်နေခဲ့တယ်။ မလိုက်ဘဲ ဖိုးကြာကို မျှော်နေခဲ့တာ။ နှစ်ပတ်ဆက်တိုက် ဖိုးကြာပေါ်မလာတော့ ကျွန်မနဲ့ ဇာဇာ စိုးရိမ်စိတ်တွေ ကြီးထွားလာရတယ်။

ဒါနဲ့ မလေးမသိအောင် ဖိုးကြာတို့ကျောင်းကို ကျွန်မတို့ လိုက်သွားခဲ့

ကြတယ်။ ဂျီတီအိုင် ကျောင်းထဲကို သွားရတဲ့အလုပ်ဟာ ကျွန်မတို့အဖို့ တော်တော်ကို ကြောင်စီစီနိုင်ခဲ့တယ်။ တစ်ခါမှ မရောက်ဖူးတဲ့နေရာဖြစ်နေတာရယ်၊ ယောက်ျားလေးအများစုကြားထဲမှာ ဖြစ်နေတာရယ်ကြောင့် ကျွန်မတို့ အတော်ဒုက္ခရောက်ခဲ့ကြရတယ်။ နောက်ဆုံးတော့ ဂျီတီအိုင်ကျောင်းရှေ့က လက်ဖက်ရည်ဆိုင်မှာ ဖိုးကြာကို သွားတွေ့ခဲ့တယ်။ တစ်ကျောင်းလုံးကလူတွေ ကျွန်မတို့ကို ဝိုင်းကြည့်နေသလို ခံစားရပေမယ့် ကိုယ့်အပူနဲ့ကိုယ် ဖြစ်နေတာမို့ ကျွန်မတို့ ရှက်ရမှန်းလည်း မသိခဲ့ကြဘူးလေ။ လက်ဖက်ရည်ဆိုင်ထဲက ဝုန်းဝုန်းဒိုင်းဒိုင်းဖွင့်ထားတဲ့ သီချင်းသံကြောင့် ဖိုးကြာကို ကျွန်မတို့စိတ်ထဲ ရှိတဲ့အတိုင်း အော်ဟစ်ပြောဆိုခွင့်ရခဲ့တယ် ဆိုပါတော့။

မင်းကြာညိုဆိုတဲ့ ကောင်လေးကတော့ ထုံးစံအတိုင်း စကားများများမဆိုခဲ့ပါဘူး။ ကျွန်မတို့ ချော့တစ်လှည့် ခြောက်တစ်လှည့် လုပ်နေတာကို ဣန္ဒြေရရပဲ နားထောင်နေခဲ့တာ။ ကျွန်မတို့ နှစ်ယောက် ပြန်သာလာခဲ့ကြတယ်။ ကျွန်မတို့ လိုချင်တဲ့ ကတိစကားကို ဖိုးကြာဆီက မရခဲ့ကြဘူး။ ကျွန်မတို့အဆောင်ပြန်ရောက်ချိန်မှာ "ဖိုးကြာလာသွားတယ်" လို့ မလေးပြောတဲ့အခါ ကျွန်မတို့ သိပ်အံ့ဩသွားကြရတာပေါ့။ ဒီနေ့အဖို့ ဖိုးကြာ ဘယ်လိုနည်းနဲ့မှ မလေးဆီကို ရောက်မလာနိုင်တာ ကျွန်မတို့ သိနေသားပဲ မဟုတ်လား။ ဒါဆိုရင် ဖိုးကြာမလာဘဲနဲ့ လာတယ်လို့ မလေး ဘာကြောင့် ညာပြောခဲ့ရတာလဲ။ မလေးရင်ထဲကို ထိုးဖောက်ကြည့်မိလိုက်တဲ့အချိန်မှာ ကျွန်မ တစ်သက်နဲ့တစ်ကိုယ် မခံစားရဖူးတဲ့ ကြေကွဲမှုမျိုးနဲ့ ကြေကွဲသွားရတယ်။ မလေးက ကျွန်မနဲ့ ဇာဇာ တို့နှစ်ယောက် စိတ်ချမ်းသာမှုအတွက် မလိမ်စဖူး လိမ်ညာခဲ့တာကိုး။

ညဘက် ကျွန်မတို့အဆောင်အပေါ်ထပ်မှာ တီဗွီတက်ကြည့်ကြတော့ မလေးမလိုက်ဘဲ ကျန်ရစ်တယ်။ ဇာတ်လမ်းတွဲပြီးလို့ ကျွန်မတို့ ပြန်

ဆင်းလာတော့ မလေးက ခြင်ထောင်ချပြီး အိပ်နေပြီလေ။ မလေး ခြင်ထောင်ကို ကျွန်မ အသာလေး မ,ကြည့်တော့ တစောင်းလေးအိပ်နေတဲ့ မလေးပါးပြင်ပေါ်မှာ ခြောက်သွေ့စပြုနေပြီဖြစ်တဲ့ မျက်ရည်စတွေနဲ့။ ဘုရားရေ . . . မလေး ငိုနေခဲ့ပါရောလား။ ကျွန်မနဲ့ဇာဇာ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး သက်ပြင်းရှိုက်လိုက်မိကြတယ်။ ကဲ . . . ဘယ်လိုလဲ ဒေါ်ထည်ဝါဝင့် မြားနတ်မောင် လုပ်ချင်လှတဲ့ရှင် ဒီကိစ္စကို ဘယ်လိုဆက်လုပ်ပေးဖို့ စဉ်းစားထားသလဲဆိုတာ ပြောပါဦး။ တစ်စုံတစ်ယောက်က လှမ်းမေးသံလိုလို ကျွန်မကြား လိုက်ရလို့ ဇာဇာ ဘာလဲဟင်လို့တောင် မေးမိသွားတယ်။ ဇာဇာက မျက်လုံးလေး ကလယ်ကလယ် နဲ့ ကျွန်မကို ပြန်ကြည့်နေတယ်။ အဲဒီညက ကျွန်မနဲ့ဇာဇာ ညလုံးပေါက် ထိုင်စကားပြောနေဖြစ်ခဲ့တယ်။ မနက်လင်းပိုင်း ရောက်မှ အိပ်ဖြစ်ကြလို့ နေ့လယ်စာစားဖို့ မလေးနိုးတော့မှ အိပ်ရာထ ဖြစ်ခဲ့ ကြတာ။

ကျွန်မတို့ အိပ်ရာကနိုးတဲ့အချိန်မှာတော့ မလေးတစ်ယောက် ညက ဘာမှမဖြစ်ခဲ့တဲ့ပုံစံနဲ့ ကျွန်မတို့အတွက် ထမင်းပွဲကို စာကြည့်စားပွဲနှစ်လုံးဆက်ပြီး သူ့ခုတင်ပေါ်မှာ ပြင်ထားပြီးခဲ့ပြီ။ ကျောင်းပိတ်ရက်တွေမှာ ဖြစ်ဖြစ်၊ စိတ်ကူးရရင်ဖြစ်ဖြစ်၊ ကျွန်မတို့ ထမင်းတစ်လှည့်စီ ချက်စားလေ့ ရှိတယ်။ တစ်လှည့်စီဆိုပေမယ့်လည်း ကျွန်မတို့အလှည့်က ရောက်လာတယ်ဆိုတာ မရှိသလောက်ဆိုတော့ မလေးတစ်ယောက်သာ ဒိုင်ခံပေါ့။ မလေးချက်ကျွေးတာကိုချည်း စားနေရတာ အားနာပေမယ့် မလေးလက်ရာက သိပ်ကောင်းနေတာရယ်၊ မလေးကိုယ်တိုင်က ထမင်းဟင်းချက် ဝါသနာပါပြီး စေတနာရှိရှိ ချက်ကျွေးချင်တာရယ်ကြောင့် ကျွန်မတို့ ဟန်ကျနေခဲ့တယ်။

အဆောင်မှာ ကျွန်မတို့ရဲ့ အစ်မကြီးဟာ မလေးပဲ။ အိမ်မှာလည်း

အငယ်ဆုံးမို့ ဗိုလ်ကျခွင့်ရတဲ့ ကျွန်မဟာ အဆောင်မှာလည်း အငယ်ဆုံးမို့ ဗိုလ်ကျခွင့်ရခဲ့ပြန်တယ်။ ဒါကတော့ မလေးရဲ့ နေရာတကာ အလျှော့ပေးတတ်တဲ့ အစ်မကြီးစိတ်ကြောင့် ဒီလိုအခွင့်ရနေတာလည်း ဖြစ်နိုင်ပါတယ်။ ငယ်တယ်ဆိုတာ တစ်ခုနဲ့ အလျှော့ပေးသည်းခံသူ မရှိတဲ့နေရာမျိုးမှာ ဘယ်လိုလုပ် ဗိုလ်ကျ နိုင်မတဲ့လဲ။ ကျွန်မနဲ့ ဇာဇာရဲ့ အဝတ်တွေပုံနေရင် ဘာမပြော ညာမပြော လျှော်ပေးထားတတ်တဲ့၊ မီးပူတိုက်ပေးထားတတ်တဲ့၊ သူနဲ့ လုံးဝမသက်ဆိုင်တဲ့စာတွေကို မညည်းမညူ ကူးပေးတတ်တဲ့၊ မနက် ငါးနာရီမထိုးခင် အိပ်ရာထပြီး ဘုရားရှိခိုး တရားထိုင်လေ့ရှိတဲ့၊ နာမည်ရ တရားသူကြီး တစ်ယောက်ဖြစ်ဖို့ မျှော်လင့်စိတ်ကူးနေတဲ့ စိတ်နှလုံးဖြူစင်လှတဲ့ မိန်းမတစ်ယောက်ရဲ့ အဖြူထည် သက်သက်ဘဝလေးကို ကျွန်မတို့ ဘာကြောင့်များ ဆေးရောင်ခြယ်ခဲ့မိပါလိမ့်။

စာမေးပွဲရက်နီးပြီဖြစ်တဲ့ ကျွန်မဟာ မလေးတို့နှစ်ယောက်ကြားမှာ ဗျာများနေခဲ့တယ်။ သေချာသွားခဲ့ပြီ။ ကျွန်မ ဘယ်လိုမှ စေ့စပ်ပေးလို့မရတဲ့ လုပ်ရပ်တစ်ခုနဲ့ ဖိုးကြာဟာ ကျွန်မ ဇာတ်ညွှန်းရေး၊ ဒါရိုက်တာလုပ်ခဲ့တဲ့ မပြီးဆုံးသေးတဲ့ ဇာတ်လမ်းတစ်ပုဒ်ကနေ ထွက်ခွာသွားခဲ့ပြီ။ ဇာဇာ ကတော့ မလေးကို သနားလို့ဆိုပြီး ငိုချည်းနေခဲ့တယ်။ “ဖိုးကြာကို တွေ့ရင် နင်ပါးရိုက်ပြစ်လိုက် စမ်းပါ” ဆိုပြီး ကျွန်မကို လူမိုက်ငှားနေပြန်တယ်။ တကယ်ဆို ကျွန်မက နဂိုကတည်းက မိုက်ခဲ့မိတဲ့ လူပါ။ ဒီဇာတ်လမ်းမှာ တာဝန်အရှိဆုံးဖြစ်တဲ့ ကျွန်မကတော့ ကိုယ်မပိုင်ခဲ့တဲ့ မင်းသားတစ်လက်ရဲ့ ပြတ်သားမှုအပေါ် စွဲချက်အမျိုးမျိုးတင်ပြီး ရတတ်ပွေနေရတုန်းပါ။

“မိဝါအပြစ်ပါပဲ မလေးရယ်၊ မိဝါ တိုက်တွန်းခဲ့လို့ ဖိုးကြာကို မလေးလက်ခံလိုက်ရတာပါ” လို့ မလေးကို ကျွန်မ တောင်းပန်တော့ မလေးက

"မိဝါအပြစ်မဟုတ်ပါဘူး။ မလေးဆန္ဒပါမှ လုပ်လို့ရတဲ့ ကိစ္စပါ။ မလေးက သူ့ကို ချစ်သွားမိခဲ့မှကိုး။ ဒါ မလေးကံနဲ့ပဲ ဆိုင်ပါတယ်။ မိဝါတို့က မလေးအပေါ် စေတနာထားပြီး တိုက်တွန်းခဲ့ကြတာပဲ။ မလေး ဒီလိုဖြစ်စေတော့ဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့ကြတာမှ မဟုတ်ဘဲ။ မိဝါတို့နဲ့ မဆိုင်ပါဘူးကွယ်" လို့ ကျွန်မကို တစ်ပြန် ဖြေသိမ့်နေခဲ့တယ်။ ကြည့်စမ်းပါ။ ဘယ်လောက်အကောင်းမြင်ဝါဒ ရှိလိုက်တဲ့ မိန်းမလဲဆိုတာ။

ကျွန်မတို့သုံးယောက်ဟာ မင်းကြာညိုဆိုတဲ့ နာမည်တစ်ခု ပါမလာအောင် စကားပြောဆိုရင်း စာမေးပွဲအတွက် လုံးပန်းရတော့တယ်။ စာမေးပွဲဖြေဖို့က တစ်လတောင် မလိုတော့တဲ့အချိန်ကို ရောက်လာခဲ့ပြီလေ။ တစ်ပွဲတိုးသမားတွေဖြစ်တဲ့ ကျွန်မနဲ့ ဇာဇာကတော့ တစ်ခန်းတည်းအတူ နေရင်း အော်ဟစ်ပြီး စာကျက်ကြတယ်။ မလေးက စိတ်ထဲက ကျက်တတ်သူမို့ ကျွန်မတို့လို နေရာလုရန်ဖြစ်တဲ့ အထဲမပါရဘူးလေ။ ကျွန်မနဲ့ ဇာဇာကတော့ နေရာခွဲ စာကျက်လိုက်၊ တစ်ယောက်ကျက်နေတဲ့နေရာကို တစ်ယောက်က မနေနိုင်မထိုင်နိုင် လိုက်လာလိုက်နဲ့ပဲ စာထဲမှာစိတ်ကို အပြည့်မြှုပ်နှံရင်း မင်းကြာညိုဆိုတဲ့ သူငယ်ချင်းတစ်ယောက်ကို မေ့လျော့သွားခဲ့ကြတယ်။ အင်းလေ . . . ထည်ဝါဝင့်နဲ့ သူဇာနိုင်က ကိုယ်တိုင်ခံစားလိုက်ရသူတွေမှ မဟုတ်ပေဘဲကိုး။ စာမေးပွဲနီးရင် ကယောင်ချောက်ချားတွေဖြစ်တတ်တဲ့ ကျွန်မတို့နှစ်ယောက်ကို မလေးက အားပေး စကားတွေ ဆိုနေတော့ မလေးလည်း ဖိုးကြာကို မေ့ပြီထင်ပါရဲ့လို့ ကျွန်မတို့ ထင်မိကြတယ်။ ဒါက ကျွန်မတို့အထင်လေ။ တကယ်တမ်း ဖိုးကြာကို မလေး မအောင့်မေ့နိုင်ဘူးဆိုတာ ကျွန်မတို့ သိခွင့်ရခဲ့တော့မှ ကျွန်မတို့ဘာသာ မကျေမနပ်ဖြစ်ကြရတယ်။

စာကျက်ရင်း မလေးရေးထားတဲ့ မင်းကြာညိုဆိုတဲ့ စာလုံးလေးတွေကို စာမျက်နှာအပြည့် ကျွန်မတို့ ဖတ်ကြည့်မိကြတယ်။ မင်းစာမေးပွဲဖြေ

နိုင်ပါစေလို့ မလေးဆုတောင်းပေးနေပါတယ်။ မင်း ထားရစ်ခဲ့တဲ့ ဘဝမှာ မလေး ပျော်ပျော်ကြီးကျန်ရစ်နေပေ့ါမယ်။ မလေး တစ်ခါက ပြောခဲ့ဖူးသလိုပဲ မလေးကို ထားရစ်ခဲ့ဖို့ မင်း အကြောင်းပြချက်ပေးစရာမလိုဘူးဆိုတဲ့ စကား မင်းတကယ်ပဲ လိုက်နာခဲ့တာလား . . . ဆိုတဲ့ ဟိုတစ်ကြောင်း ဒီတစ်ကြောင်းရေးထားတဲ့ မလေးရဲ့ ခံစားချက် အပိုင်းအစတွေကို ကောက်ယူဆက်စပ်ကြည့်မိတဲ့အခါ ကျွန်မ ပစ္စုပ္ပန်ထဲမှာ ခဏတာလဲကျသေဆုံးသွားခဲ့တယ်။ အဲဒီနောက် ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာ ချလိုက်မိတယ်လေ။

## (၇)

ဇာဇာ့ကို မတိုင်ပင်ဘဲ ကျွန်မတစ်ယောက်တည်း ထွက်လာခဲ့တာ။ စာအပြင်းအထန် ကျက်နေတဲ့ ဇာဇာ့ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူးလေ။ ဖိုးကြာတို့ စာမေးပွဲဖြေပြီးတဲ့ နေ့တစ်နေ့ပေ့ါ။ ကျွန်မကို မြင်တော့ ဖိုးကြာ မျက်လုံးတွေ ချက်ချင်းအရောင်တောက်ပသွားတယ်။ ဒါပေမယ့် ခဏလေးပါပဲ။ ခေါင်းငိုက်စိုက်ကျပြီး မှုန်ဝါးဝါးဖြစ်သွားတဲ့ မျက်လုံးတွေကိုသာ ကျွန်မ ရင်ဆိုင်လိုက်ရတာ။ လျှပ်စစ်မီး မှုန်မှုန်လေးတွေ ထွန်းစပြုနေပြီဖြစ်တဲ့ အင်းစိန်ရွာမရဲ့ ဘူတာ ဈေးတန်း လက်ဖက်ရည်ဆိုင်လေးတစ်ခုမှာ ကျွန်မနဲ့ဖိုးကြာ မျက်နှာချင်းဆိုင် ထိုင်ခဲ့ကြတယ်။

"နင် ငါ့ပါးကို ရိုက်ဖို့လာခဲ့တာဆိုရင်လည်း ငါခံမှာပါ မိဝါ။ ဒါပေမယ့် စာမေးပွဲသိပ်နီးနေပြီ ဆိုတာတော့ နင်သတိရဖို့ ကောင်းတယ်" ဖိုးကြာရဲ့ စကားသံမှာ စေတနာကရုဏာတွေ ပျော်ဝင်နေမှန်းသိပေမယ့် နှုတ်ခမ်းကို အစွမ်းကုန်မဲ့ပစ်မိတယ်။ "မလိုပါဘူး၊ ငါ စာမေးပွဲနီးပေမယ့် နင် စာမေးပွဲပြီးသွားပြီပဲ။ ငါတို့ကျောင်းက စာတွေက နင်တို့ကျောင်း

က စာတွေလောက် မခက်ခဲပါဘူး”

“ကဲ . . . ပြော . . .နင်ဘာတွေ ပြောချင်လို့လဲ။ ငါနားထောင်ပေးမှာပါ”

“နားထောင်ရုံသက်သက်တော့ မရဘူး ဖိုးကြာ၊ နင်တစ်ခုခု လုပ်ပေးရမယ်၊ နင် ငါ့သူငယ်ချင်းအပေါ် သိပ်ကို ရက်စက်လွန်းတယ် ဖိုးကြာ”

“နင် မှားနေပြီ မိဝါ၊ နင့်အယူအဆတွေ မှားနေပြီ၊ ငါပြောခဲ့ပြီးပြီပဲ မိဝါ။ ငါ မလေးကို မရက်စက်ချင်လို့ ထားခဲ့တာ။ နင်သိခဲ့သားပဲ မိဝါရယ်။ ငါ မလေးကို . . .”

ဖိုးကြာ စကားမဆုံးခင်မှာ “မကြားချင်ဘူး၊ အဲဒါတွေ ဆက်မပြောနဲ့၊ နင်တို့ယောကျ်ားတွေ ဆီမှာရှိတဲ့ အချစ်ဆိုတာ ပုံစံအမျိုးမျိုးပြောင်းလို့ ရတယ်ဆိုတာ ငါသိပြီးသား” လို့ ဆရာကြီးလေသံနဲ့ ကျွန်မ အော်ပစ်လိုက်တယ်။ ဒါပေမယ့် ဖိုးကြာက ကျွန်မကို ဒီတစ်ခါတော့ အလျှော့မပေးချင်ပုံ မျိုးနဲ့ရယ်မောနေခဲ့တယ်။

“နေပါဦး ဆရာမကြီးရဲ့။ အချစ်ဆိုတာကို ဒဿနဖွင့်ပြီး သရုပ်ခွဲနေရအောင် နင့်ရင်ထဲမှာ အချစ်ဆိုတာရော ရှိခဲ့လို့လား”

ကျွန်မ ဖိုးကြာစကားကို ဆတ်ဆတ်ခါ နာသွားရတယ်။ ဘာဆိုင်သလဲ။ ယောကျ်ားတစ်ယောက်ကို ချစ်သူရည်းစားအဖြစ် မချစ်ဖူးတာနဲ့ ကျွန်မမှားရမတဲ့လား။ ကျွန်မ မမှားဘူး။ မှားခြင်းမှား မင်းကြာညိုကသာ မှားမှာ။

“နင် ငါ့ကို ဘာမှမခနဲ့နေစရာမလိုဘူး ဖိုးကြာ။ ဒီကိစ္စဟာ ငါ့ရင်ထဲမှာ အချစ်ရှိတာ၊ မရှိတာ နဲ့ ဘာမှမဆိုင်ဘူး။ ဒါကို နင်ထည့်ပြောနေစရာမလိုပါဘူး”

“ဆောရီး မိဝါ၊ နင့်ကို ငါတမင်ခနဲ့လိုက်တာ မဟုတ်ပါဘူး။ ငါခံစား ရတာကို ပြောချင်တာ လောကြီးသွားလို့ပါ။ နင်မသိပါဘူး မိဝါရယ်။ နင် နားလည်ထားတဲ့အချစ်နဲ့ ငါခံစားနားလည်ထားတဲ့ အချစ်ဆိုတာ ပုံစံ ချင်း မတူပါဘူး။ နင်တို့မိန်းကလေးတွေက ယောကျ်ားတွေရဲ့ ချစ်ခြင်း မေတ္တာဆိုတာကို မေ့လွယ်ပျောက်လွယ် ပြောင်းလဲလွယ်တဲ့အရာလို့ ပုံသေကားကျ သတ်မှတ်ထားကြတာကိုး။ လူတစ်ယောက်နဲ့တစ် ယောက် စိတ်ခံစားမှုချင်း မတူနိုင်ကြပါဘူး မိဝါ။ လူတစ်ယောက်ရဲ့ စိတ်အခြေခံ ဗီဇရယ်၊ အခြေအနေ အချိန်အခါပေါ်မှာရယ် မူတည်ပြီး ချစ်ခြင်းမေတ္တာဆိုတာလည်း အရောင် အပြောင်းအလဲရှိတာ ငါလက်ခံ ပါတယ်။ ဒါပေမယ့် ရင်ထဲမှာ အခိုင်အမာအမြစ်တွယ်နေတဲ့ အချစ်ဆို တာကြီးကို ထုတ်ပစ်ဖို့ဆိုတာတော့ မလွယ်ပါဘူးဟာ။ ငါ မလေးကို ဒီ ထက်ပိုပြီး ဟန်ဆောင်နေရင် အချိန်ကြာလာတာနဲ့အမျှ သူပိုခံစားလာရ လိမ့်မယ်။ ငါ သူ့ကို သနားတဲ့စိတ်နဲ့ပဲ ချစ်ကြည့်ပါသေးတယ်။ မရဘူး မိ ဝါရယ်။ မလေးကို အစ်မတစ်ယောက်လို၊ သူငယ်ချင်းတစ်ယောက်လို မိတ်ဆွေတစ်ယောက်လိုထက် ပိုချစ်လို့ မရနိုင်ဘူး။ ဒါကိုတော့ နင်ကိုယ် ချင်းစာတတ်လိမ့်မယ် ထင်ပါတယ်ဟာ”

ကျွန်မကို စိုက်ကြည့်လာတဲ့ ဖိုးကြာမျက်လုံးတွေနဲ့ မဆုံရအောင် ညနေစောင်း လက်ဖက် ရည်ဆိုင်ထိုင်ဖို့ ထွက်လာတဲ့ လမ်းမပေါ်က ဂျီ တီအိုင်ကျောင်းသူ ကျောင်းသားတွေကို ငေးကြည့်နေလိုက်တယ်။ စာမေးပွဲပြီးစမို့ ထင်ပါရဲ့၊ လွတ်လပ်ပျော်ရွှင်နေတဲ့ သူတို့မျက်နှာလေး တွေက သိသာလိုက်တာ။

“နင့်ရင်ထဲမှာ လူတစ်ယောက်အပေါ် ချစ်တဲ့စိတ် နည်းနည်းလေးမှ မရှိဘူးဆိုရင် အဲဒီလူကို နင်ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူး မဟုတ်လား မိဝါ။ နင်က အဲသလို ခေါင်းမာနိုင်သူဆိုတာ ငါသိပါတယ်။

ကံမကောင်းတဲ့ ငါဆိုတဲ့ကောင်သာ အဲဒီလို ခေါင်းမာမပြနိုင်ခဲ့တာ။ ခေါင်းမာဖို့ အတွက်လည်း ငါ့နှလုံးသားက ခွင့်မပေးခဲ့ဘူးလေ။ ငါက နင် စိတ်မချမ်းမသာ ဖြစ်မှာကို သေမလောက် ကြောက်ခဲ့မိတာကိုး။ အဲဒီအတွက်ကြောင့် ကံဆိုးချင်တဲ့ မလေးက အချောင်ဓားစာခံဖြစ်ခဲ့ရတယ်။ ငါ မလေးကို မချစ်နိုင်ဘဲနဲ့ ဒုက္ခမပေးချင်တော့ဘူး မိဝါ။ မလေးဟာ သိပ်ပြီးဖြူစင်တဲ့ မိန်းကလေး။ သူလိုလူမျိုးရဲ့ စိတ်ကို အရောင်ဆိုးပေးတာ ပိုအပြစ်ကြီးပါတယ် မိဝါရယ်”

လေသံအေးအေးနဲ့ပြောနေတဲ့ ဖိုးကြာစကားတွေကို ကျွန်မ ငြိမ်ငြိမ်သက်သက် နားထောင် လာနိုင်ခဲ့တယ်။ သူ့ပါးကို စိတ်ရှိလက်ရှိ ရိုက်ချပစ်ချင်စိတ်တွေလည်း ကြွက်ပျောက်ငှက်ပျောက် ပျောက်ဆုံးကုန်တယ်။

“ဒီဇာတ်လမ်းမှာ အပြစ်အကြီးဆုံးလူဟာ ငါပဲလို့ ငါ့ကိုယ်ငါ သတ်မှတ်ထားပါတယ်။ နင်ဖြစ် စေချင်တာကို ဇွတ်မှိတ်ပြီး လုပ်ပေးမိခဲ့တဲ့ငါသာ တရားခံပါ။ ငါ့ကြောင့် တစ်စုံတစ်ယောက် ထိခိုက်နစ်နာသွားရတဲ့အတွက် ငါ့ကိုယ်ငါ အမြဲမကျေမနပ်ဖြစ်နေရဦးမှာပါ။ ငါ့ကို ခွင့်လွှတ်ပါလို့လည်း မတောင်းပန်တော့ပါဘူး မိဝါ။ နင်တို့စားမေးပွဲသိပ်နီးနေပြီ မဟုတ်လား။ အနည်ထိုင်စပြုနေတဲ့ အမှုန်လေးတွေ လှုပ်ခတ်သွားအောင် မလုပ်ပါနဲ့တော့ မိဝါရယ်။ နင်စိတ်ဆင်းရဲမခံပါနဲ့တော့ဟာ။ မလေးဟာ နင်တို့နှစ်ယောက်လို တစ်ပွဲတိုးသမားမဟုတ်ပါဘူး။ ပြီးတော့ နင့်လို သွေးဆူလွယ်သူလည်း မဟုတ်ဘူး။ သူငါ့ကိုနားလည်သွားပါလိမ့်မယ်”

ကျွန်မမှာ ဖိုးကြာကို ပြန်ပြောစရာ စကားတစ်ခွန်းမှ မရှိတော့သလိုဖြစ်သွားတယ်။ ဖိုးကြာ နဲ့ မလေးမျက်နှာကို တစ်လှည့်စီ မြင်ယောင်ကြည့်နေမိတဲ့အချိန်မှာ ကျွန်မပါးပြင်ပေါ်ကို မျက်ရည်တွေ စီးကျလာခဲ့

တယ်။ ဖိုးကြာက သူကိုင်ထားတဲ့ မွေးပွလက်ကိုင်ပဝါလေးကမ်းပေးတယ်။ ကျွန်မ မယူဖြစ်ဘဲ လက်ခုံနဲ့ ပွတ်သုတ်လိုက်မိတယ်။

"မိုးချုပ်နေပြီ မိဝါ။ အဆောင်ပိတ်သွားလိမ့်မယ်။ ငါ ကားငှားပေးလိုက်မယ်။ ငါလိုက်ပို့ဖို့ လိုသေးလား။ နင်ပြန်ရဲရဲ့လား"

"ရတယ် ပြန်ရဲပါတယ်။ သွားကြရအောင်လေ"

ရွာမ လက်ဖက်ရည်ဆိုင်လေးထဲက ပြန်ထွက်လာတဲ့ ကျွန်မဟာ အလာတုန်းက ထည်ဝါဝင့် မဟုတ်တော့သလိုပဲ ဖြစ်သွားရတယ်။ စောစောက ရှိနေခဲ့တဲ့ အခဲမကျေနိုင်တဲ့ ဒေါသတွေ ကျွန်မ ရင်ထဲက ပြေးထွက်ကုန်ပြီ။ လတ်တလော ကျွန်မရင်ထဲကို ဝင်လာတာတွေကတော့ ကြိတ်မနိုင်ခဲမရ နာကျင်မှုတွေရယ်၊ ဘယ်လိုမှ ဖြေမဆည်နိုင်မှုတွေရယ်ပေ့ါ။

"ကျွန်တော့် ညီမလေးကို လှည်းတန်း ဇေယျာသီရိလမ်းကို ပို့ပေးလိုက်ပါ ဦးလေး"

အငှားကားမောင်းတဲ့လူကြီးကို ကားခပေးပြီး ကျွန်မကို ဖိုးကြာနှုတ်ဆက်တယ်။ "ကား နံပါတ်မှတ်ထားလိုက်တယ်။ သွားတော့နော်။ စာမေးပွဲအောင်အောင်ဖြေ၊ ဘုရားစာရွတ်သွား"လို့ မှာနေတဲ့ ကျွန်မရဲ့ အမြဲတမ်း သူငယ်ချင်းကို ကျွန်မငိုချင်လျက်နဲ့ ပြုံးပြနှုတ်ဆက်ခဲ့တယ်။ အဲဒီလောက် ကျွန်မအပေါ်ကောင်းတဲ့ ငယ်သူငယ်ချင်းတစ်ယောက်ကို ကျွန်မ ခွင့်လွှင့်သင့်ပြီ မဟုတ်လား။ အတွေးတစီတတန်းကြီးနဲ့ အင်းစိန်-ရွာမ ကနေ လှည်းတန်း ဇေယျာသီရိလမ်းကို တစ်ယောက်တည်း ပြန်လာခဲ့တဲ့ မိန်းမတစ်ယောက်ဟာ ပြန်လည်ပြင်ဆင်လို့မရတဲ့ နောင်တတွေနဲ့ လေ။

တကယ်တော့ လူတစ်ယောက်ရဲ့ နှလုံးသားရေးရာ ကိစ္စတစ်ခုကို

ရင်ထဲကလာတဲ့ ကောင်းစေလိုတဲ့ စေတနာ မေတ္တာ အရင်းခံသက်သက်နဲ့ပဲ ဖြစ်ဖြစ်၊ ရင်ထဲကမပါတဲ့ ချောက်ကျစေလိုတဲ့ စိတ်မိုက်စိတ်ရိုင်းမျိုးနဲ့ပဲ ဖြစ်ဖြစ် အတင်းအကျပ် အားပေးအားမြှောက်မပြုအပ်ဘူးဆိုတာ ကောင်းကောင်းကြီး သိလိုက်ရတဲ့အချိန်မှာ အရာအားလုံး ပြီးဆုံးသွားခဲ့ပြီ ဒါပေမယ့် ဘယ်သူမှ အနိုင်မရခဲ့တဲ့ပွဲတစ်ပွဲမှာ စတေးခံလိုက်ရတဲ့ နှလုံးသားတစ်ခုကတော့ ထည်ဝါဝင့်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ နောက်ကို အရိပ်မည်းကြီး တစ်ခုကို မခွဲမခွာ ကပ်ပါလိုက်နေဆဲရယ်လေ။

**(ခွင့်လွှတ်တတ်သူသို့ အမှတ်တရ . . . )**

၁၉၉၈ ဒီဇင်ဘာလထုတ်၊ မြားနတ်မောင်မဂ္ဂဇင်း

၁၉၉၉ ဇန်နဝါရီလထုတ်၊ မြားနတ်မောင် မဂ္ဂဇင်း

(၂ လဆက်)

*